# ပြုစုသူ၏အမှာစာ

မင်းမြတ်မဟာအနော်ရထာသည်ကား ယနေ့ ထေရဝါဒဗုဒ္ဓသာသနာတော်ကို တစ်ဖန် ထွန်းလင်းတောက်ပအောင် စွမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။

ဒေသကြီးတစ်ခုလုံးတွင် ညှိုးမှိန်ကွယ်ပနေသောထေရဝါဒသာသနာတော်ကို ပြန်လည်ထွန်းတောက်၍ ယနေ့တိုင်တည်တံ့စေခဲ့သူမှာ မြန်မာဘုရင် အနော်ရထာဖြစ်၏။

ထို့ကြောင့်လျှင် ယနေ့ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားတည်တံ့နေရာ နိုင်ငံများသည် မြန်မာဘုရင် မင်းမြတ်အနော်ရထာ၏ ကျေးဇူးတရားကို အထူး အောက်မေ့သတိရသင့်သည် ဖြစ်သည်။

မြန်မာတို့အတွက်မူသော်ကား ပေါက္ကာရာမ ထီးနန်းအရှင် အနော်ရထာ၏ ကျေးဇူးတို့မှာ ဆိုဖွယ်ရာမရှိအောင် ကြီးမားလှဘိတော့သည်ပင်။

မြန်မာ့ထီးနန်းကို ဘုန်းတန်ခိုး အထူးတောက်ပစေခဲ့သူဖြစ်သော အနော်ရထာ မင်းမြတ်သည် မြန်မာနိုင်ငံတော်ကို ယနေ့ အိန္ဒိယ၊ ဘင်္ဂလား၊ ယူနန် အပါအဝင် အရှေ့တောင်အာရှ ဒေသကြီးတစ်ခုလုံးစာမျှ ကျယ်ပြန့်အောင် စွမ်းဆောင်ထူထောင်ခဲ့၏။ အပြိုင်ဖြစ်သော မိမိထက် အင်အားကြီးသည့် ခမာအင်ပါရာကို ချိုးနှိမ် ဖျက်ဆီး၍ ခမာနယ်အလုံးကို သိမ်းပိုက်နိုင်ရုံမျှမက အင်ဒိုကျွန်းတန်းပေါ် အထိ ရောက်ရှိနေသော စောဠအင်ပါရာကိုပါ တိုက်ခိုက် ဖျက်သိမ်းနိုင်ခဲ့သည် ဖြစ်သည်။

သီဟိုဠ်(သီရိလင်္ကာနိုင်ငံ) စောဠ(Chola)တို့လက်အောက်မှ လွတ်မြောက်ရေး အတွက်လည်း အနော်ရထာမင်းမြတ် စွမ်းဆောင်ခဲ့သည်ဖြစ်ရာ စစ်ရေး၊ နိုင်ငံ တည်ဆောက်ရေး၊ အုပ်ချုပ်ရေး၊ သာသနာရေးတို့တွင် ပြိုင်ဘက်ကင်းမဲ့အောင် အစွမ်းပြခဲ့သည့် မင်းမြတ်မဟာဖြစ်သည်မှာ သက်သေအထောက်အထားများနှင့် ပြည့်စုံသည် ဖြစ်သည်။

ထိုသို့လျှင်ရှိသော်ငြားလည်း မြန်မာ့သမိုင်းကို ဖျက်ဆီးခဲ့ကြသော အင်္ဂလိပ် ကိုလိုနီ သမိုင်းဆရာများ၏လွဲမှားသော ရေးသားချက်များက အနော်ရထာမင်းမြတ်အား သာမန်မျှသော မင်းအဖြစ်၊ မည်သည့် စွမ်းဆောင်ရည်မျှ မရှိလေဟန်သာလျှင် ပုံဖော်၍ ပိုင်နက်နယ်ပယ်ကိုလည်း ကျဉ်းမြောင်းစွာ စိတ်ထင်ရာ သတ်မှတ်ပြီးလျှင် မြန်မာတို့၏ ခမ်းနားထည်ဝါမှုကို ပပျောက်စေရန် လုပ်ဆောင်ခဲ့ကြသည်ဖြစ်သည်။

မင်းမြတ်မဟာအနော်ရထာ၏ စွမ်းဆောင်ချက်များမှာ ထိုပုဂ္ဂိုလ်တို့ ဆိုသမျှ ခန့်ငယ် မဟုတ်ပါချေ။ မြန်မာရာဇဝင် အထောက်အထားများ၊ ကျောက်စာ အထောက်အထားများ၊ ခေတ်ပြိုင်အထောက်အထားများအရ မင်းမြတ်မဟာအနော်ရထာ၏ စွမ်းဆောင်ချက်များသည် ဒေသကြီးတစ်ခုလုံး ဖိန့်ဖိန့်တုန်လောက်အောင် ခမ်းနားထည်ဝါခဲ့သည် ဖြစ်၏။

ဤသော "မင်းမြတ်မဟာအနော်ရထာ သာသနာတော်ကို ထွန်းလင်းစေသူ ပုဂံအင်ပါရာအရှင် မြန်မာနိုင်ငံတော်ဇကေရာဇ်" စာအုပ်သည် အနော်ရထာနှင့် ပတ်သက်၍ ရှေ့က ရေးသားခဲ့သည်ကဲ့သို့သော ရေးရိုးရေးစဉ် သာမန်မျှသော ရေးသားချက်များဖြင့် ပြုစုထားသည်မဟုတ်ဘဲ အထောက်အထားများစွာအား အချိန်ယူ ရှာဖွေပြီးလျှင် အခိုင်အမာသုတေသနပြု၍ ရေးသားထားသော သုတေသနရလဒ်များမှ ထွက်ပေါ်လာသည့် အကြောင်းများဖြစ်သည်။

မင်းမြတ်မဟာအနော်ရထာသည် မြန်မာရာဇဝင်၊ မြန်မာ့သမိုင်း၌ အမှန်တကယ် ရှိခဲ့သည့် ပုဂံမင်းဆက် ၄၂ ဆက်မြောက်မင်းဖြစ်သော ပုဂ္ဂိုလ်ဖြစ်ပြီးလျှင် ရာဇဝင်မှတ်တမ်းများအတွင်း အထူးတလည် အရေးပေးဖော်ပြခံရသည့် မင်းတစ်ပါးအပါအဝင်ဖြစ်သည်။

မြန်မာရာဇဝင်မှတ်တမ်းတို့အား သေချာကျနစွာ လေ့လာကြည့်ရှုပါက မှန်သည်ကို မှန်သည်ဟုလည်းကောင်း၊ မှားသည်ကို မှားသည်ဟုလည်းကောင်း၊ ကောင်းသည်ကို ကောင်းသည်ဟုလည်းကောင်း၊ ဆိုးသည်ကို ဆိုးသည်ဟုလည်းကောင်း၊ မြင့်မြတ်သည်ကို မြင့်မြတ်သည်ဟုလည်းကောင်း၊ ဆိုးယုတ်သည်ကို ဆိုးယုတ်သည်ဟုလည်းကောင်း အားမနာစတမ်း ရေးသားထားသည်ဖြစ်၏။ မှားပါလျက် မှန်သည်၊ မှန်ပါလျက် မှားသည်၊ ကောင်းပါလျက် ဆိုးသည်၊ ဆိုးပါလျက် ကောင်းသည်၊ မြင့်မြတ်ပါလျက် ဆိုးယုတ်သည်၊ ဆိုးယုတ်ပါလျက် မြင့်မြတ်သည်ဟု မှတ်တမ်းမတင်ခဲ့ပေ။ ထိုသော မှတ်တမ်းတင်သည့် မြန်မာရာဇဝင်မှတ်တမ်းကဲ့သို့သော ရာဇဝင်သမိုင်းစာအုပ်မှာ အခြားမည်သည့်နိုင်ငံမှတွင် မရှိပေ။ ထို့ပြင် တစ်ဆက်တစ်စပ်တည်း ရှည်လျားလှသည့် ခေတ်ကာလကြီးကို အပြတ်အလပ်မရှိ ပြုစုဖော်ပြထားသော မြန်မာရာဇဝင်မျိုး ယနေ့ဒေသကြီးအတွင်းရှိ မည်သည့်နိုင်ငံတွင်မှ မရှိ၊ မပိုင်ဆိုင်ထားပါချေ။ ထိုမျှပြုစုထားသည် ဖြစ်သော်ငြားလည်း ရှည်လျားလွန်းလှသည့် ခေတ်ကာလဖြစ်စဉ်ကြီးတစ်လျောက်နှင့် ယှဉ်ထိုးပါလျှင် ထိုမျှရှည်လျားစွာ ပြုစုထားသည့် မြန်မာရာဇဝင်မှတ်တမ်းတို့သည်ပင်လျှင် အကျဉ်းချုပ်(ရာဇဝင်ချုပ်)မျှလောက်ပင် ရှိနေသေးသည် ဖြစ်သည်။

သရေခေတ္တရာ ခေတ်ကာလကပင်လျှင် ခေတ်အဆက်ဆက် ပြုစုရေးသားခဲ့သည့် ရာဇဝင်များအလုံးသည်သာ ယနေ့အချိန်အထိ ကြွင်းကျန်ခဲ့ရစ်ပါမူ မြန်မာရာဇဝင်၏ ခမ်းနားထည်ဝါ ပြည့်စုံမှုမှာ ယခုထက် အဆ ၁၀၀ မက ပိုသည်၏ အဖြစ်တွင် ရှိနေမည် ဖြစ်၏။ မြန်မာလူမျိုးတို့သည် ရာဇဝင်မှတ်တမ်းများကို အထောက်အထားအရ သရေခေတ္တရာကာလကပင်လျှင် ရေးသားခဲ့သည်ဖြစ်ရာ မြန်မာလူမျိုးတို့ မှတ်တမ်းမှတ်ရာ အရာ၌ အားနည်းသည်မဟုတ်ကြောင်း၊ အထူးအားကောင်းလှသည်ဖြစ်ကြောင်း အတပ်သိရှိနိုင်သည် ဖြစ်၏။

ခေတ်အလိုက် ဖျက်ဆီးခံခဲ့ရသော မှတ်တမ်း မှတ်ရာတို့မှာ တောင်ပုံ ရာပုံပင် ဖြစ်သည်။ နိုင်ငံတိုင်း နိုင်ငံတိုင်း၊ လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိတို့၏သမိုင်းကို ကောင်းမွန်ကျနစွာ ပြုစုကြမြဲဖြစ်၏။ ရှာဖွေဖော်ထုတ်ကြမြဲ ဖြစ်၏။

ထိုသော ရာဇဝင်သမိုင်း(အတိတ်ကာလ နောက်ကြောင်းအဖြစ်အပျက်)တို့မှ ရယူ ကျင့်သုံးသင့်သည်တို့ကို ရယူကျင့်သုံး၍ ပစ်ပယ်စွန့်လွှတ်အပ်သည်တို့ကို ပစ်ပယ်စွန့်လွှတ်ပြီးလျှင် နိုင်ငံတော်အကျိုးအတွက် စွမ်းဆောင်ရမည့်ကိစ္စရပ်တို့တွင် အသုံးချရန်ဖြစ်သည်။

အတိတ်ကအကြောင်းဖြစ်သော ရာဇဝင်သမိုင်းမှတ်တမ်းတို့ကို လေ့လာဖော်ထုတ် သင်ယူရသည်မှာ အနာဂတ်နိုင်ငံတော်နှင့် လူမှုအဖွဲ့အစည်းကို တည်ဆောက်ရန်ဖြစ်၏။ အတိတ်သမိုင်းကို ပြန်လည်တမ်းတ၍ သမိုင်းနာကျနေရန် မဟုတ်ပါချေ။

သမိုင်းကိုသင်ယူရသည့် အဓိကအချက်မှာ မိမိတို့၏ ဇာတိအစဉ်အလာကို သိရှိစေရန်နှင့် အနာဂတ်ကို တည်ဆောက်ရန်အတွက် ဖြစ်သည်။

အတိတ်သမိုင်းများအတွင်းက နိုင်ငံတော်ကြီးမြတ်စေသော လုပ်ဆောင်ချက်များကို အတုယူ၍ ပစ္စုပ္ပန်ကာလတွင် ခေတ်အလျောက် ပြုလုပ်စီရင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်သည် ပိုမိုတိုးတက်တောင့်တင်း၍ ရေရှည်တည်တံ့ခိုင်မြဲခြင်းဟူသော အကျိုးရလဒ်ကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

ပစ္စုပ္ပန်ကာလသည်ကား အနာဂတ်ကို တည်ဆောက်ရန် အချိန်ကာလဖြစ်၏။ အနာဂါတ်သို့ရောက်သော် ယခုပစ္စုပ္ပန်ကာလက လုပ်ဆောင်မှုများသည် အတိတ်သမိုင်း အဖြစ် ရောက်ရှိသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုပစ္စုပ္ပန်ကာလသည် အတိတ်ကို လေ့လာ၍သင်ယူခြင်းနှင့် အနာဂတ်ကို တည်ဆောက်ခြင်းဟူသော နိုင်ငံတော်အကျိုးကို ထမ်းဆောင်နေသည် ဖြစ်၏။

အတိတ်သမိုင်းကို လေ့လာသည်၌ ကောင်းခြင်းဆိုးခြင်း ရောပြွမ်းနေမည်မှာ ယခုပစ္စုပ္ပန်ကာလကဲ့သို့ပင်ဖြစ်သည်။ အကောင်းချည်းလည်း မရှိ၊ အဆိုးချည်းလည်း မရှိဖြစ်၏။ ဘိုးဘေးတို့ဆိုးခဲ့သည်မှာလည်း ကျွန်ုပ်တို့အတွက် အမွေဖြစ်၏။ ဘိုးဘေးတို့ ကောင်းခဲ့သည်မှာလည်း ကျွန်ုပ်တို့အမွေ ဖြစ်၏။ ကောင်းသည်များကိုသာလျှင် ကွက်ထုတ်ယူငင် အကျယ်ချဲ့၍ ဆိုးသည်များကို ဖုံးအုပ်ထိမ်ချန်ခြင်းဟူသည်ကား သမိုင်းသုတေသနပြုခြင်းမမည်ပါပေ။

ဆိုးသည်များကိုသာ ထုတ်ဖော်၍ ကောင်းသည်များကို ထိမ်ချန်ခြင်းမှာလည်း သမိုင်းရေးသည်ဟုမဆိုအပ်ပါချေ။ ကောင်းခြင်း ဆိုးခြင်းကား လူ့သဘာဝဖြစ်၏။

ဤသော "မင်းမြတ် မဟာအနော်ရထာ သာသနာတော်ကို ထွန်းလင်းစေသူ ပုဂံအင်ပါရာအရှင် မြန်မာနိုင်ငံတော်ဇကေရာဇ်" သမိုင်းသုတေသနစာအုပ်သည် ချီးပချက်များမှ အချို့ကို ချန်လှပ်သည်မှအပ သုတေသနဖြင့်ယှဉ်၍ အနော်ရထာကာလကို ဖော်ထုတ် မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ကောင်းသည်များလည်း ပါမည်ဖြစ်သလို ဆိုးသည်များလည်း ပါဝင်နေမည် ဖြစ်၏။

ဤစာအုပ်ကိုပြုစုရာတွင် ပုံပြင်ဆန်သော အချက်အလက်များနှင့် မဟုတ်မမှန်သော ရှုတ်ချချက်များကို ရှောင်လွှဲ၍ မြန်မာရာဇဝင် မှတ်တမ်းများကို အခိုင်အမာ အခြေခံပြီးလျှင် ကျောက်စာများ၊ ခေတ်ပြိုင်အထောက်အထားများဖြင့် တိုက်ဆိုင်စိစစ် ဖော်ထုတ်တင်ပြထားခြင်းဖြစ်သည်။

ဤသော "မင်းမြတ် မဟာအနော်ရထာ သာသနာတော်ကို ထွန်းလင်းစေသူ ပုဂံအင်ပါရာအရှင် မြန်မာနိုင်ငံတော်ဇကေရာဇ်" စာအုပ်ကို လေ့လာခြင်းဖြင့် မြန်မာတို့၏ ခမ်းနားထည်ဝါခဲ့သော အတိတ်ကာလ ရာဇဝင်သမိုင်းကြောင်း နိုင်ငံတော် အထုအထည်နှင့် စွမ်းဆောင်ခဲ့နိုင်မှုများကို သိရှိကြရမည် ဖြစ်သည်။ ထိုသို့သိရှိပြီးသည် နောက်တွင် မြန်မာတို့သည် မိမိတို့၏ ဇာတိအစဉ်အလာ ဇာစ်မြစ်ဖြစ်သော ဘိုးဘေးတို့၏ နိုင်ငံတော်တည်ဆောက်ခဲ့မှုများ၊ အင်ပါရာ ထူထောင်ခဲ့မှုများ၊ ဘာသာသာသနာ ကာကွယ်စောင့်ရှောက် ထွန်းလင်းတောက်ပစေခဲ့မှုများကို အားကျ အတုယူ၍ ထိုသော မာန်မာန ခွန်အားတို့သည် နှလုံးအိမ်အတွင်း စွဲဝင်ကိန်းအောင်းပြီးလျှင် ဘိုးဘေးတို့ လုပ်နိုင်စွမ်းသည်ကဲ့သို့ မိမိတို့သည်လည်း ဆောင်နိုင်စွမ်း ရွက်နိုင်စွမ်းသည် ဖြစ်ကြောင်း စိတ်အစဉ်တွင် စွဲထင်သည်ဖြစ်အံ့၊ ယခု သမိုင်းသုတေသနကို ပြုစုရကျိုးနပ်သည်ဟု ခံယူသည် ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ရန်အတွက် အတိတ်သမိုင်းကို လေ့လာကြရမည်မှာ အမှန်မုချပင် ဖြစ်သတည်း။

***လင်းဇေကျော်***

(မြန်မာ့သမိုင်းဆိုင်ရာ အချက်အလက်များ)